# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 17, 2020 Volume 33, Number 13


**၁၇.၇.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၉၉ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၄၄၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၈၁/- ကျပ် |
| CBM Rate | = ၁၃၈၀.၃ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၇၄.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၂.၆၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၃၃.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၈၈.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၆၅.၀၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၇.၂၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၄၀၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၆၂ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၃.၃၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၅၃၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## လာမည့်ဘဏ္ဍာနှစ် နိုင်ငံခြားကုန်သွယ်မှုတန်ဖိုး ဒေါ်လာ ၃၄ ဘီလီယံကျော်ရှိမည်ဟု လျာထား

COVID-19 ကပ်ရောဂါကြောင့် သဘာဝဓာတ်ငွေ့ ပြည်ပတင်ပို့မှုမှ ဝင်ငွေလျော့နည်းနိုင်သော်လည်း လာမည့်ဘဏ္ဍာနှစ် မြန်မာနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုတန်ဖိုးကို ဒေါ်လာ ၃၄ ဒသမ ၇ ဘီလီယံရှိမည်ဟု အစိုးရကလျာထားသည်။ ယခုဘဏ္ဍာနှစ်ထက် နိုင်ငံခြားကုန်သွယ်မှုတန်ဖိုးကို ၅ ရာခိုင်နှုန်းခန့် တိုးမြှင့်လျာထားခြင်းဖြစ်သည်။ ယခုဘဏ္ဍာနှစ် နိုင်ငံခြားကုန်သွယ်မှုတန်ဖိုး ၃၃ ဘီလီယံရှိမည်ဟု အစိုးရကလျာထားသည်။ ယခုဘဏ္ဍာနှစ် ရှစ်လ ကျော်အချိန်အတွင်း မြန်မာနိုင်ငံ၏ ကုန်သွယ်မှုတန်ဖိုးက ဒေါ်လာ ၂၈ ဒသမ ၃ ဘီလီယံရှိနေသည်။

COVID-19 ကပ်ရောဂါဖြစ်နေသော်လည်း ဘဏ္ဍာနှစ် ရှစ်လကျော်အတွင်း ကုန်သွယ်မှု တန်ဖိုးက ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက် ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံပိုများသည်။ ယခုဘဏ္ဍာနှစ် ကုန်သွယ်မှုတန်ဖိုးသည် ဒေါ်လာ ၂၈ ဒသမ ၃ ဘီလီယံကျော်ရှိသော်လည်း COVID- 19 ကပ်ရောဂါ၏ အကျိုးဆက်ကို မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးကဏ္ဍ၌ လက်ရှိအချိန်တွင် စတင်ကြုံတွေ့လာရပြီဟု စီးပွားရေး လုပ်ငန်းရှင်အချို့ကပြောသည်။

ဆန်၊ ပဲမျိုးစုံစသော လယ်ယာထွက်ကုန်တင်ပို့မှုက လက်ရှိအချိန်တွင် ကျဆင်းလာသည်။ ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယနိုင်ငံတို့က ဈေးနှုန်းလျှော့ချပြီး ရောင်းလာသဖြင့် နိုင်ငံတကာဈေးကွက်တွင် ဆန်ဈေးနှုန်းက လျော့နည်းလာသည်။ ပြည်ပနိုင်ငံများသို့ ရောင်းချရန်အတွက် ပြည်တွင်းကုန်သည်များက များစွာချိန်ဆနေပြီး တင်ပို့မှုများ လျော့နည်းကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမျိုးသူရအေးကပြောသည်။ ထို့အပြင် ပြည်ပသို့ပဲမျိုးစုံတင်ပို့မှုကလည်း အိန္ဒိယအစိုးရ၏ မူဝါဒအပြောင်းအလဲ၊ ကုန်သည်များ၏ ဈေးနှုန်းထိန်းဝယ်ယူမှုပုံစံကြောင့် ပြည်တွင်းမှရောင်းလိုအားက လျော့နည်းနေသည်။ ''ကုန်သွယ်ရေးက အတော်ကို နည်းသွားတယ်။ ကျွန်တော်တို့ကားတွေ အလုပ်ကထက်ဝက်လောက်ကို လျော့သွားတယ်'' ဟု မြန်မာနိုင်ငံကုန်သေတ္တာတင်ယာဉ်များအသင်းဥက္ကဋ္ဌ ဦးအောင်မိုးကပြောသည်။

မြန်မာနိုင်ငံသို့ COVID-19 ကပ်ရောဂါ စတင်ရောက်ရှိချိန်က ယခင်လုပ်ငန်းလက်ကျန်အခြေအနေကြောင့် သိသာမှုမရှိသော်လည်း ပြီးခဲ့သည့်ဇွန်လကစတင်ပြီး ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုပေးရသောလုပ်ငန်းမှာ သိသိသာသာကျဆင်းကြောင်း ၎င်းကဆိုသည်။ ကုန်သွယ်ရေးကဏ္ဍဖြင့် တိုက်ရိုက်ချိတ်ဆက်နေသဖြင့် လက်ရှိအခြေအနေကို ကုစားရေးက စီးပွားကူးသန်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်မှ ဦးဆောင်အဖြေရှာမှသာ ရှန်းထနိုင်မည်ဟု ဦးအောင်မိုးကပြောသည်။

**Source:** https://7day.news/detail?id=192528


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀

ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## မူဆယ်၊ မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ မြိတ်၊ တမူး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းများ၌ ဒေါ်လာ၊ ယွမ်၊ ရူပီး၊ ဘတ်၊ ကျပ်ငွေတို့ဖြင့် တင်ပို့ခွင့်ပြုထားပြီး ငါးလအတွင်း နယ်စပ်တွင်ပေါ်ပေါက်ခဲ့သော ငွေကြေးလဲလှယ်နှုန်းများအရ ဒေါ်လာနှင့်ညီမျှသည့် ပို့ကုန်တန်ဖိုး ဒေါ်လာ ၃၀၈၂ သန်းကျော်ရှိ




မူဆယ်၊ မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ မြိတ်၊ တမူး၊ လွယ်ဂျယ်စသည့် နယ်စပ်ကုန်သွယ်ရေး စခန်းများ၌ ဒေါ်လာ၊ ယွမ်၊ ရူပီး၊ ဘတ်နှင့်ကျပ်ငွေတို့ဖြင့် တင်ပို့ခွင့်ပြုထားပြီး ငါးလအတွင်း နယ်စပ်တွင်ပေါ်ပေါက်ခဲ့သော ငွေကြေးလဲလှယ်နှုန်းများအရ ဒေါ်လာနှင့် ညီမျှသည့် ပို့ကုန်တန်ဖိုး ဒေါ်လာ ၃၀၈၂ သန်းကျော်ရှိကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပြည်ပ ပို့ကုန်/သွင်းကုန်စာရင်းဇယားများ ပြည့်စုံမှန်ကန် မြန်ဆန်စွာပြုစုရေးအဖွဲ့မှသိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာမှ ဖေဖော်ဝါရီအထိ နယ်စပ်တွင် ပေါ်ပေါက်နေသော ငွေကြေးလဲလှယ်နှုန်းများအရ ဒေါ်လာနှင့်ညီမျှသည့် ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ ၃၀၈၂ ဒသမ ၅၇ သန်းရှိ၍ ယခင်နှစ် ကာလတူထက် ၄ ဒသမ ၇၉ ရာခိုင်နှုန်းတိုးလာကြောင်းသိရသည်။ ငွေကြေးအမျိုးအစားအလိုက် လက်ရှိဘဏ္ဍာနှစ် ငါးလအတွင်းပို့ကုန်မှာ ကျပ်ငွေဖြင့် ၃၈၆၇၇၆ ဒသမ ၂၇ သန်းနှင့် ဒေါ်လာဖြင့် ၂၇၃၉ ဒသမ ၀၉ သန်းရှိကြောင်း သိရသည်။ စုစုပေါင်းသွင်းကုန်မှာ လက်ရှိဘဏ္ဍာနှစ် အောက်တိုဘာမှဖေဖော်ဝါရီအထိ ငါးလအတွင်း ဒေါ်လာ ၈၇၃၄ ဒသမ ၅၃ သန်း ရှိ၍ ယခင်နှစ်ကာလတူထက် ၁၇ ဒသမ ၄၆ ရာခိုင်နှုန်းတိုးလာသည်။ ငွေကြေးအမျိုးအစားအလိုက် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာမှဖေဖော်ဝါရီအထိ စုစုပေါင်းသွင်းကုန်မှာ ဒေါ်လာ ၈၇၁၂ ဒသမ ၄၈ သန်းနှင့် ကျပ်ငွေဖြင့် ၃၃၁၂၄ ဒသမ ၆၀ သန်းရှိကြောင်း သိရသည်။

လက်ရှိဘဏ္ဍာနှစ် ကိုးလကျော်တွင် စုစုပေါင်း နယ်စပ်ကုန်သွယ်မှု ဒေါ်လာ ၈ ဒသမ ၃ ဘီလျံကျော်ရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၁၃၀ ကျော် ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇူလိုင် ၃ ရက်အထိ စုစုပေါင်း နယ်စပ်ကုန်သွယ်မှု ဒေါ်လာ ၈ ဒသမ ၃၇၄ ဘီလျံရရှိထားသည်။ ယခင်နှစ်ကာလတူ တွင်မူ ဒေါ်လာ ၈ ဒသမ ၂၄၂ ဘီလျံရရှိထားသည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် ကိုးလကျော်တွင် စုစုပေါင်းနယ်စပ်ကုန်သွယ်မှုသည် ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၃၂ ဒသမ ၇၁၉ သန်း ပိုမိုကုန်သွယ်ထားခြင်းဖြစ်သည်။ အဆိုပါကာလအတွင်း မြန်မာ-တရုတ် အဓိကကုန်သွယ်မှု ဆောင်ရွက်နေသည့် မူဆယ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃ ဒသမ ၇ ဘီလျံကျော်ရှိပြီး ယခင်နှစ် ကာလတူထက် ဒေါ်လာ သန်း ၁၇၀ ကျော် လျော့ကျခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ကုန်သွယ်မှု ဆောင်ရွက်နေသည့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှာ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ ကျိုင်းတုံ၊ တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ မြိတ်၊ နဘုလယ်/ထီးခီး၊ မောတောင်၊ မယ်စဲ့၊ စစ်တွေ၊ မောင်တော၊ တမူး၊ ရိဒ်၊ ထန်တလန်နှင့် ကျိုင်းလပ်စသည့် နယ်စပ်ကုန်သွယ်ရေးစခန်း ၁၈ ခုဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်၊ သတ္တုတွင်းထွက်၊ ရေထွက်ကုန်၊ သစ်တောထွက်၊ စက်မှုကုန်ချောနှင့် အခြားပို့ကုန်များကို အဓိကတင်ပို့နေခြင်းဖြစ်သည်။ ပြည်ပမှတင်သွင်းသည့် သွင်းကုန်များမှာ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စက်မှုကုန်ချော (CMP) ကုန်ကြမ်းပစ္စည်း စသည်တို့ဖြစ်သည်။

**Source:** https://news-eleven.com/article/183062

## လက်ရှိဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဆောက်လုပ်ရေး၊ စက်မှု၊ အိမ်ရာအဆောက်အအုံ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍနှင့် လယ်ယာကဏ္ဍများ၌ ပိုမိုရင်းနှီးမြှုပ်နှံလာကြကြောင်းထုတ်ပြန်



လက်ရှိဘဏ္ဍာနှစ်၌ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဆောက်လုပ်ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ အိမ်ရာအဆောက်အအုံကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍနှင့် လယ်ယာကဏ္ဍများတွင် ပိုမိုရင်းနှီးမြှုပ်နှံလာကြကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၉/ ၂၀၂၀) တွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၀) အပါအဝင် ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်းသုံးခုနှင့် အတည်ပြုလုပ်ငန်း ၁၄ ခု စုစုပေါင်းလုပ်ငန်း ၁၇ ခု ခွင့်ပြုခဲ့သည်။

အဆိုပါလုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အဆိုပြုလုပ်ငန်းသုံးခု၊ အတည်ပြုလုပ်ငန်းသုံးခု၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်းတစ်ခု၊ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်းသုံးခု၊ တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်းနှစ်ခု၊ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်းနှစ်ခု၊ ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်းတစ်ခုနှင့် ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ အတည်ပြုလုပ်ငန်းနှစ်ခု ခွင့်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ဒေါ်လာ ၁၅ ဒသမ ၁၀၂ သန်းအပါအဝင် ကျပ် ၆၀၆၉ ဒသမ ၁၃၅ သန်းဖြစ်ပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၇၈၃ ခုကို ဖန်တီးပေးမည်ဖြစ်သည်။ ခွင့်ပြု/အတည်ပြုလုပ်ငန်း ၁၇ ခုမှာ စက်မှုကဏ္ဍမှ ခုနစ်ခု၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍမှ တစ်ခု၊ အခြားကဏ္ဍမှငါးခု၊ လျှပ်စစ်ကဏ္ဍမှနှစ်ခု၊ ဟိုတယ်ကဏ္ဍမှ တစ်ခုနှင့် လယ်ယာကဏ္ဍမှတစ်ခုဖြစ်သည်။

၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇူလိုင် ၁၀ ရက်အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုမှုမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၀၄ ခု၊ ဒေါ်လာ ၂၀၄ ဒသမ ၅၁၀ သန်းအပါအဝင် ကျပ် ၁၁၆၂၇၂ ဒသမ ၂၈၀ သန်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ဒေါ်လာ ၃၀၈ ဒသမ ၃၉၄ သန်းအပါအဝင် ကျပ် ၁၄၅၄၄၅ ဒသမ ၃၇၀ သန်းဖြစ်သည်။ COVID-19 ကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုများ ရှိနေသော်လည်း ပြည်ပရင်းနှီးမြှုပ်နှံမှုများသာမက ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများလည်း တိုးတက်လျက်ရှိပြီး လက်ရှိ လုပ်ကိုင်နေသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်ခြင်း၊ လုပ်သားအင်အား တိုးမြှင့်ခြင်းများရှိနေကြောင်း သိရသည်။

၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှဇူလိုင် ၁၀ ရက်အထိ ၁၀ လနီးပါးအတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၄ ဒသမ ၆ ဘီလျံကျော် ဝင်ရောက်ထားကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၉/၂၀၂၀) အရသိရသည်။ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၅ ဒသမ ၈ ဘီလျံ ဝင်ရောက်ရန်လျာထားသဖြင့် လက်ရှိဘဏ္ဍာနှစ် လျာထားချက်ပြည့်မီရန် ဒေါ်လာ ၁ ဒသမ ၂ ဘီလျံကျော်သာ လိုတော့ကြောင်းသိရသည်။ COVID-19 အလွန်တွင် ရင်းနှီးမြှုပ်နှံမှုများ အဆက်မပြတ်စီးဝင်လာမည်ဟု မျှော်လင့်ရကြောင်းနှင့် ယခုနှစ်အတွက် ရင်းနှီးမြှုပ်နှံမှု လျာထားချက်ဖြစ်သည့် ဒေါ်လာ ၅ ဒသမ ၈ ဘီလျံ သတ်မှတ်ကာလအတွင်း ပြည့်မီနိုင်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ပြောကြားသည်။

**Source:** https://news-eleven.com/article/183109

## ယခုနှစ်တွင် တရုတ်နိုင်ငံသို့ သရက်သီးတန်ချိန် လေးသောင်းကျော်တင်ပို့

ယခုနှစ် သရက်ရာသီအတွင်း တရုတ်နိုင်ငံသို့ သရက်တန်ချိန် လေးသောင်းကျော်တင်ပို့ထားပြီး ယခင်နှစ်ထက် တန်ချိန် တစ်သောင်းဝန်းကျင် လျော့နည်းခဲ့ကြောင်း မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ရှိ သစ်သီးဝလံကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးအောင်သက်ဦး၏ပြောပြချက်အရသိရသည်။ ပြီးခဲ့သည့် သရက်ရာသီချိန်က မူဆယ်နယ်စပ်မှ တရုတ်နိုင်ငံသို့ သရက် တန်ချိန် ၅၂၀၀၀ ကျော်တင်ပို့ခဲ့ပြီး ယခုနှစ် သရက်ရာသီချိန်တွင် တန်ချိန် ၄၁၀၀၀ ကျော်သာ တင်ပို့နိုင်ခဲ့သည့် အပြင် ဈေးနှုန်း ရရှိမှုမှာလည်း ယခင်နှစ်က တစ်လုံးလျှင် ငွေကျပ် ၁၀၀ ရရှိသည့်အသီးမှာ ယခုနှစ်တွင် ငွေကျပ် ၇၀ သာ ရရှိသောကြောင့် ၃၀ ရာခိုင်နှုန်း လျော့နည်းခဲ့သည်။

ယခုနှစ် သရက်ရာသီစတင်ချိန်က အရောင်းအဝယ်နှင့်ဈေးနှုန်းရရှိမှု အနည်း ငယ်ကောင်းခဲ့သော်လည်း နောက်ပိုင်း တွင် အရောင်းအဝယ်ကျဆင်းခဲ့သည်။ "သရက်ရာသီအစပိုင်း ပစ္စည်းနည်းတဲ့အချိန်ပဲ အရောင်းအဝယ်နည်းနည်း ကောင်းခဲ့ တယ်။ ကျန်တဲ့ရာသီအလယ်မှာရော နောက်ပိုင်းမှာပါ အရောင်းအဝယ် မကောင်းတော့ဘူး။ ဈေးကွက်နဲ့ပတ်သက်ပြီး ဒီနှစ် က COVID-19 ရောဂါအခြေအနေကြောင့် သရက်ခြံရှင်တွေလည်း အကျိုးအမြတ်မရဘူး။ အရင်းလောက်ပဲ ပြန်ရ မယ်" ဟု ဦးအောင်သက်ဦးကပြောသည်။ လက်ရှိတွင် သရက်ရာသီချိန် ကုန်ဆုံးပြီဖြစ်ပြီး နာနတ်ရာသီချိန်ရောက်ရှိပြီဖြစ်သော် လည်း တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခြင်းမရှိသေးသောကြောင့် မူဆယ်ဈေးကွက်၌ သီးနှံရောင်းချသူများ အလုပ်အကိုင်ရပ်နား ထားကြောင်းသိရသည်။

**Source:** http://www.myawady.net.mm/business/item/62385-2020-07-17-09-20-56

## လေကြောင်းဖြင့်ခရီးသွားလာမှု ယမန်နှစ်ထက် ထက်ဝက်ကျော်ကျဆင်း ငါးနှစ်အတွင်း အဆိုးဆုံးအခြေအနေဟုဆို

လေကြောင်းလိုင်းဖြင့် ခရီးသွားလာမှုသည် COVID-19 ရောဂါကြောင့် ၅၀ ရာခိုင်နှုန်းကျော် ကျဆင်းသွားခဲ့သည် ဟု ရန်ကုန်အပြည်ပြည်ဆိုင်ရာလေ ဆိပ်စီမံခန့်ခွဲခွင့်ရကုမ္ပဏီ Yangon Aerodrome က ယမန်နေ့တွင်ထုတ်ပြန်သည်။ ၂၀၂၀ ခုနှစ်၏ ပထမခြောက်လတာအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ ၁ ဒသမ ၅ သန်း သာရှိခဲ့ပြီး ယမန်နှစ်ကာလတူနှိုင်းယှဉ်သည့်အခါ ၅၂ ရာခိုင်နှုန်းအထိ ကျဆင်းသွားသည်ဟု လေဆိပ်တာဝန်ရှိ သူကပြောသည်။ ယခုကဲ့သို့ ခရီးသွားလာမှုလျော့ကျခြင်းသည် လေဆိပ်ကို စတင်စီမံခန့်ခွဲခဲ့သည့် ၂၀၁၅ ကစတင်၍ ငါးနှစ်တာကာလအတွင်း အဆိုးဆုံးအခြေအနေကိုကြုံတွေ့ ရခြင်းဖြစ်သည်ဟု ၎င်းကပြောသည်။ ၂၀၂၀ ပထမ ခြောက်လအတွင်း အပြည်ပြည်ဆိုင်ရာ လေ ကြောင်းခရီးစဉ် ဝင်ထွက်သွားလာမှုသည် ၈,၈၅၇ ကြိမ် သာရှိသည့်အတွက် ယမန်နှစ်ကာလတူနှိုင်းယှဉ်သည့်အခါ ၅၁ ရာခိုင်နှုန်းလျော့ကျခဲ့သည်။

အလားတူ ပြည်တွင်းလေကြောင်းလိုင်းပျံသန်းမှုသည်လည်း ၁၃,၁၅၁ ကြိမ်သာရှိခဲ့သည့်အတွက် ၂၂ ရာခိုင်နှုန်းကျဆင်း သွားသည်ဟု အဆိုပါကုမ္ပဏီကထုတ်ပြန်သည်။ ရန်ကုန်လေဆိပ်သည် ထိုင်း၊ စင်ကာပူ၊ တရုတ်၊ ကိုရီးယား ၊ ဗီယက်နမ်နိုင်ငံတို့ကို အဓိကချိတ်ဆက်ပျံသန်းခြင်းဖြစ်ကြောင်း အဆိုပါနိုင်ငံများနှင့်လေ ကြောင်းလိုင်း ပျံသန်းမှုသည်လည်း ၆၅ ရာခိုင်နှုန်းအထိ ကျ ဆင်းသွားကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ရန်ကုန်လေဆိပ်သည် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်ပွားခင်က တစ်နှစ်လျှင် ခရီးသည် ခြောက်သန်း ကျော်ကို ဝန်ဆောင်မှုပေးခဲ့သည့်လေဆိပ်ဖြစ်သည်။ မြန်မာအစိုးရသည် COVID-19 ကြောင့်လေကြောင်း လိုင်းပျံသန်းမှုကို မတ်လ ၂၉ ရက်ကစတင်ကာ ကန့်သတ်ခဲ့သည်။ လက်ရှိအချိန်တွင် ကယ်ဆယ်ရေးလေယာဉ်များ၊ အထူးလေယာဉ်များနှင့် ကုန်တင်လေယာဉ်များမှအပ အခြားသော စီးပွားဖြစ်ခရီးသည်တင်လေယာဉ်များ ဆင်းသက်ခွင့်ပျံသန်းခွင့်ကို ဇူလိုင် ၃၁ ရက် အထိ ထပ်မံတိုးမြှင့်ကန့်သတ်ထားသည်။

**Source:** https://7day.news/detail?id=192521

## အာဆီယံနိုင်ငံများ အချင်းချင်း e-Commerce ဖွံ့ဖြိုးမှု ပိုမိုတိုးတက်စေရန် အာဆီယံအွန်လိုင်းဈေးရောင်းပွဲတော် ကျင်းပရန်ရှိ




အာဆီယံနိုင်ငံများအချင်းချင်း e-Commerce ဖွံ့ဖြိုးမှု ပိုမိုတိုးတက်စေရန် အာဆီယံအွန်လိုင်းဈေးရောင်းပွဲတော် (AOSD) ကို ဩဂုတ် ၈ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာ့ကုန်သွယ်ရေးမြှင့်တင်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးသူက ဇူလိုင် ၁၆ ရက်တွင် ပြောကြားခဲ့သည်။ ဦးမျိုးသူက "ဒါကို ပထမဆုံးအကြိမ် ကျွန်တော်တို့ကျင်းပခြင်းဖြစ်တယ်။ ကျွန်တော်တို့ဆီမှာ COVID-19 ရောဂါဖြစ်လာတော့ သွားတာလာတာတွေရယ် အိတ်စပို့တင်တာတွေရယ် သိပ်အဆင်မပြေတာတွေရှိလာတယ်။ အဲ့ဒါကြောင့် အွန်လိုင်းဈေးပွဲတော်ပုံစံလုပ်ဖို့ရည်ရွယ်ခဲ့တာ။ ကျွန်တော်တို့ဌာနအနေနဲ့ Trade Promotion ဆိုတဲ့အတိုင်း ဈေးကွက်ရှာတာကို တိုးပြီးဆောင်ရွက်ပေးနေပါတယ်။" ဟု ဆင်ဟွာသို့ပြောကြားခဲ့သည်။

အဆိုပါဈေးရောင်းပွဲတော်ကို ဒေသတွင်းရှိ နယ်စပ်ဖြတ်ကျော် e-Commerce ကို အားပေးကူညီရန်၊ e-Commerce လုပ်ငန်းများတွင် စားသုံးသူများ၏ ယုံကြည်မှု ပိုမိုတိုးတက်လာစေရန်၊ ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားတစ်ခုဖြစ်သော e-Commerce ၏ အခန်းကဏ္ဍကို ပိုမိုအားဖြည့်ပေးရန်နှင့် အာဆီယံနိုင်ငံများ၏ e-Commerce စီးပွားရေးလုပ်ငန်းများ MSMEs နှင့် စားသုံးသူများအတွက် အကျိုးဖြစ်ထွန်းစေရန်တို့ကို ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။ အာဆီယံအွန်လိုင်း ဈေးရောင်းပွဲတော်ကို အဆင့်နှစ်ဆင့်ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး အဆင့် (၁) တွင် အီလက်ထရွန်နစ်ကူးသန်းရောင်းဝယ်ရေး အသိအမြင်မြှင့်တင်ရန်၊ ASEAN Member State (AMS) နိုင်ငံများ၏ e-Commerce Businesses ၊ Marketplaces နှင့် Platforms များကို မြှင့်တင်လမ်းဖွင့်ပေးရန်၊ စားသုံးသူ များထံ အရောင်းမြှင့်တင်ရန်တို့ဖြစ်ပြီး အဆင့်(၂)တွင် AMS နိုင်ငံအသီးသီးရှိ အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ၊ ဈေးကွက်များနှင့် ပလက်ဖောင်းများသည် နိုင်ငံများစွာရှိ စားသုံးသူများထံ အရောင်းမြှင့်တင် ရန် Cross Border e-Commerce Transaction တိုးတက်ရန် ဦးတည်ဆောင်ရွက်မည်ဖြစ်သည်။ အာဆီယံအွန်လိုင်း ဈေးရောင်းပွဲတော်ကို သက်ဆိုင်ရာ အာဆီယံနိုင်ငံအလိုက် e-Commerce Businesses ၊ Market-places နှင့် Platforms များပါဝင်နိုင်ပြီး ကုန်ပစ္စည်းများနှင့်ဝန်ဆောင်မှုကို အွန်လိုင်းမှရောင်းချ၍ တားမြစ်ကန့်သတ်ထားခြင်းမရှိသော တရားဝင် စီးပွားရေး လုပ်ငန်းဆောင်ရွက်သူများ ပါဝင်ဆောင်ရွက်နိုင်ကြောင်းသိရသည်။

စိတ်ပါဝင်စားသည့် e-Commerce လုပ်ငန်းများအနေဖြင့် ဇူလိုင် ၂၁ ရက် နောက်ဆုံးထား၍ ကုန်သွယ်ရေးဦးစီးဌာန dotictapp@gmail.com သို့ လျှောက်လွှာများပေးပို့နိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**Source:** http://xinhuamyanmar.com/business/local/28515-e-commerce

## တရုတ်-မြန်မာစီးပွားရေးစင်္ကြံတစ်လျှောက် မွေးမြူရေးဇုန်များကို ကန်ဒေါ်လာ သန်း ၁၀၀ဖြင့်တည်ဆောက်မည်



တရုတ်-မြန်မာစီးပွားရေးစင်္ကြံတစ်လျှောက်တွင် မွေးမြူထုတ်လုပ်ရေးဇုန်များနှင့် သုတေသနဖွံ့ဖြိုးရေးစင်တာကို အမေရိကန်ဒေါ်လာ သန်း ၁၀၀ အကုန်ကျခံတည်ဆောက်သွားမည်ဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှသိရပါတယ်။

အဆိုပါစီမံကိန်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ဆည်မြောင်း ဝန်ကြီးဌာနတို့က ဖော်ဆောင်ခြင်းဖြစ်ပြီး စီမံကိန်းကာလမှာ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိဖြစ်ကာ ယခုနှစ်တွင် စတင်ဖော်ဆောင်မည်ဖြစ်ကြောင်း သိရပါတယ်။ တရုတ်-မြန်မာစီးပွားရေးစင်္ကြံတစ်လျှောက်ဖော်ဆောင်မည့် အဆိုပါစီမံကိန်းကို

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တို့တွင် ဦးစားပေးဖော်ဆောင်သွားမည်ဖြစ်ကြောင်းသိရပါတယ်။ လက်ရှိတွင်စီမံကိန်းကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မွေးမြူရေးသုတေသနနှင့်ဖွံ့ဖြိုးရေးစင်တာမှလည်း မွေးမြူထုတ်လုပ်ခြင်း၊ ရောဂါထိန်းချုပ်ခြင်းဆိုင်ရာသုတေသနနှင့် သင်တန်းများကို ထောက်ပံ့ကူညီပေးမည်ဖြစ်ကြောင်း သိရပါတယ်။

အဆိုပါစီမံကိန်းသည် ပြည်တွင်းမှမွေးမြူရေးထုတ်ကုန်များ ပိုမိုတင်ပို့နိုင်ခြင်း၊ သုတေသနလုပ်ငန်းများမှ တောင်သူလယ်သမားမွေးမြူရေးသူများအတွက် အသက်မွေးဝမ်းကျောင်းတိုးတက်စေနိုင်ခြင်း၊ မွေးမြူထုတ်လုပ်ရာတွင် အဆင့်မြင့်နည်းပညာများ အသုံးပြုနိုင်ခြင်းတို့ ရရှိနိုင်မည်ဖြစ်ကြောင်းသိရပါတယ်။ လက်ရှိတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင်ထုတ်ပြန်ခဲ့သော ယာယီခွင့်ပြုချက်အရ မြန်မာနိုင်ငံမှကျွဲနွားများကို ပြည်ပသို့တင်ပို့ရောင်းချမည်ဆိုပါက တိရစ္ဆာန်ကျန်းမာရေးကိုစစ်ဆေးခြင်းနှင့်ရောဂါကင်းစင်သည့်တိရစ္ဆာန်များအတွက် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိကြောင်းသိရပါတယ်။

**Source:** https://www.myanmaplatform.com/a/46058.html

## သထုံတွင် ကွမ်းရွက်အထွက်နှုန်းကောင်းပြီး ဈေးကောင်းရသဖြင့် ကွမ်းစိုက်တောင်သူများအဆင်ပြေ

အခုနှစ်မိုးတွင်းကာလမှာ ကွမ်းရွက်အထွက်နှုန်းကောင်းပြီး ဈေးလည်းအတင့်အသင့်ရှိနေတာကြောင့် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဇရပ်ကျွန်းကျေးရွာရှိ ကွမ်းစိုက်တောင်သူတွေအနေနဲ့ အဆင်ပြေနေကြတယ်လို့သိရပါတယ်။ အရင်နှစ်တွေက မိုးများလို့အပင်တွေပျက်စီးပြီး ဆက်တိုက်ဆိုသလို အရှုံးပေါ်ခဲ့ရပေမယ့် အခုနှစ်မှာမိုးမှန်နေတဲ့အတွက် အပင်တွေရှင်သန်ပြီး အထွက်နှုန်းမှာလည်း သိသိသာသာတိုးတက်လာတယ်လို့ ဇရပ်ကျွန်းကျေးရွာက ကွမ်းစိုက်တောင်သူ ဒေါ်သန်းဌေးက ပြောပါတယ်။ "ကျမတို့အနေနဲ့ အဓိကလိုအပ်နေတာက စနစ်တကျစိုက်ပျိုးတဲ့နည်းလေးတွေကို သက်ဆိုင်ရာက ပညာပေးနိုင်ရင် ပိုမိုအောင်မြင်နိုင်ပါတယ်။ အခုစိုက်နေရတာက ရမ်းသမ်းပြီးစိုက်နေရသလိုဖြစ်နေတယ်။ နောက်ပြီး ကွမ်းပင်မှာကျရောက်နေတဲ့ ပိုးကောင်တွေကို နှိမ်နင်းဖျက်ဆီးဖို့အတွက် ဘယ်လိုတွေ ဆောင်ရွက်သင့်သလဲဆိုတာမျိုးကို သိရင်ပိုမိုအောင်မြင်နိုင်မှာပါ" လို့ပြောပါတယ်။

အခုနှစ်ကွမ်းစိုက်ရာသီမှာ ဈေးအမြင့်ဆုံးအချိန်မှာ ယာကွမ်း ၁ ပိဿာကို ငွေကျပ် ၆၀၀၀ အထိခြံပေါက်ဈေးရရှိခဲ့ပြီး လက်ရှိအချိန်ထိ အကောင်းဆုံးယာကွမ်းအရွက် ၁ ပိဿာကို ငွေကျပ် ၁၈၀၀မှ ၂၅၀၀ ကျပ်အထိ ခြံဈေးရရှိနေတယ်လို့ ကွမ်းစိုက်တောင်သူတွေထံက သိရပါတယ်။ ကွမ်းပင်စိုက်ပျိုးရာမှာ အရင်နှစ်ကစိုက်ပျိုးခဲ့တဲ့အညွန့်ကိုယူပြီး ဝါးတိုင်ထောင်ကာ မြေချ စိုက်ပျိုးရတာဖြစ်ပြီး ကွမ်းရွက်တိုင်ပေါင်း ၁၀၀၀၀ စိုက်ပျိုးပါက ခန့်မှန်းကုန်ကျစရိတ်အနေနဲ့ ကျပ် ၁၀ သိန်းဝန်းကျင်ခန့်ရှိပါတယ်။ ဇရပ်ကျွန်းကျေးရွာမှာ အရင်ကရွာလုံးကျွတ်နီးပါး ကွမ်းစိုက်ပျိုးခဲ့ကြပေမယ့် အခုလက်ရှိအချိန်မှာတော့ စိုက်ပျိုးတဲ့ တောင်သူ ၁၅ ဦးသာရှိတော့ပြီး ထွက်ရှိတဲ့ကွမ်းရွက်တွေကိုတော့ ဒေသတွင်းစားသုံးမှုအပြင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနဲ့ရန်ကုန်တိုင်းဒေသတွေအထိ တင်ပို့ရောင်းချကြပါတယ်။

**Source : DVB**

https://news.ydnp.net/356415/

## ဗဟိုဘဏ်က နိုင်ငံခြားငွေစီမံခန့်ခွဲမှုဥပဒေနှင့် စည်းမျဉ်းများအသိပေးကြေညာ

ပို့ကုန်ရငွေအားလုံးကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိငွေစာရင်းသို့ နိုင်ငံခြားသုံးငွေထည့်သွင်းရမည့်အချက် များအပါအဝင် နိုင်ငံခြားငွေ စီမံခန့်ခွဲမှုဥပဒေနှင့် စည်းမျဉ်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထပ်မံကြေညာသည်။ ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေများကို စီမံခန့်ခွဲနိုင်ရန် နိုင်ငံခြားငွေစီမံခန့်ခွဲမှုဥပဒေကို ၂၀၁၂ ခုနှစ် ဩဂုတ်လက ယင်းဥပဒေကို ပြင်ဆင်ထားသည့်ဥပဒေကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့သည်။ အဆိုပါ

နိုင်ငံခြားငွေစီမံခန့်ခွဲမှုဥပဒေနှင့် နိုင်ငံခြားသုံးစွဲငွေစီမံခန့်ခွဲမှုစည်းမျဉ်းများကို ပြည်သူများလေ့လာနိုင်ရန် ဗဟိုဘဏ်၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

လက်ရှိတွင် နိုင်ငံခြားငွေစီမံခန့်ခွဲမှုဥပဒေအရ နိုင်ငံတော်နှင့်ပြည်ပနိုင်ငံများအကြား နိုင်ငံခြားငွေ ငွေသားပေးချေမှု စာချုပ်စာတမ်းများနှင့် ငွေချေးသက်သေခံလက်မှတ်များ လက်ရောက်လွှဲပြောင်းခြင်းမှအပ နိုင်ငံခြားငွေဖြင့်ပေးချေခြင်းနှင့် လွှဲပြောင်းမှုများကို နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်းလိုင်စင်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုမည်ဖြစ်သည်။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု စည်းမျဉ်းအပိုဒ် ၃၅ တွင် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရှိသူများသည် ပို့ကုန်အမှန်တကယ်တင်ပို့သည့် အထောက်အထားများအရ ကုန်စည်များကို သင်္ဘောတင်သည့်နေ့မှ ခြောက်လအတွင်း ပို့ကုန်တင်ပို့သူများက ရငွေလက်ခံခြင်းရှိ၊ မရှိ စစ်ဆေးရမည့်အချက်များပါဝင်သည်။

နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရှိသူများသည် ကုန်စည်တင်ပို့သူက သတ်မှတ်ရက်အတွင်း၊ လအတွင်း ပို့ကုန်တင်ပို့သူများက ရငွေလက်ခံခြင်းရှိ၊ မရှိ ကုန်စည်တင်ပို့သည့်ကြေညာချက်ကို စိစစ်သုံးသပ်ချက်နှင့်အတူ ဗဟိုဘဏ်သို့တင်ပြရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိပေးကြေညာထားသည်။

**Source : The Voice**

https://news.ydnp.net/356269/

## Online Shop များ အွန်လိုင်းမှစာရင်းပေးသွင်းနိုင်ရန်ညှိနှိုင်း

မြန်မာနိုင်ငံရှိ e-Commerce ဖွံ့ဖြိုးတိုးတက်ရေးကို အချိန်တိုအတွင်းဆောင်ရွက်နိုင်ရေးအတွက် e-Commerce (Online Shop) စီးပွားရေးလုပ်ငန်းများ အွန်လိုင်းမှစာရင်းပေးသွင်းဆောင်ရွက်မည့် အစီအစဉ်နှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှသိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် e-Commerce ဖွံ့ဖြိုးတိုးတက်ရေးကို အချိန်တိုအတွင်း ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကုန်သည်စက်မှုအသင်းချုပ်ကလည်း ပုဂ္ဂလိကကဏ္ဍအနေနှင့်ပါဝင်လျက်ရှိပြီး ဇူလိုင်လ ၁၅ ရက်နေ့ ညနေပိုင်းက စီးပွားရေးလုပ်ငန်းများအနေနှင့် အွန်လိုင်းမှ စာရင်းပေးသွင်းနိုင်ရေးနှင့်စပ်လျဉ်း၍ Video Conferencing ဖြင့် ညှိနှိုင်းဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်းရှိ Online Shop များသည် Formal Marketplace/Platform များမှဆောင်ရွက်ခြင်းထက် Informal ဖြစ်သည့် Social Media Facebook ပေါ်မှရောင်းချခြင်းမှာ ပိုမိုများပြားလျက်ရှိပြီး e-Commerce Online Shop လုပ်ငန်းများကို ရောင်းချသူနှင့် ဝယ်ယူသူအကြား ယုံကြည်မှုရရှိစေရန်၊ စားသုံးသူအခွင့်အရေး အပြည့်အဝရရှိစေရန်နှင့် အငြင်းပွားမှု တစ်စုံတစ်ရာဖြစ်ပေါ်လာပါက ဥပဒေလုပ်ထုံးလုပ်နည်းဘောင်အတွင်းမှ ဖြေရှင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ကြောင်း ယင်းအသင်းချုပ်ထံမှသိရသည်။

Covid-19 စီးပွားရေးကုစားမှုအစီအစဉ်၏ပန်းတိုင် ၅ အောက်တွင်ပါဝင်သည့် e-Commerce လုပ်ငန်းများ အားပေးဆောင်ရွက်ခြင်း၊ ဆက်စပ်သည့် Delivery Service နှင့် e-Payment လုပ်ငန်းများ အားပေးမြှင့်တင်ခြင်းများ ဆောင်ရွက်ရန် အစိုးရ-ပုဂ္ဂလိကပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း သိရသည်။ ဆွေးနွေးပွဲသို့ Myanmar Digital Economy Association ဥက္ကဋ္ဌနှင့် ကုန်သည်စက်မှုအသင်းချုပ်မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး Online Shop များအတွက် တရားဝင်မှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**Source: The Voice**

https://news.ydnp.net/356378/

## ဝက်လက်မြို့နယ်တွင် မလိုင်မုန့်လုပ်ငန်းဖြင့် မိသားစုတစ်ပိုင်တစ်နိုင် အသက်မွေးဝမ်းကျောင်းပြုလုပ်



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် သခွတ္တောကျေးရွာတွင် မလိုင်မုန့်လုပ်ငန်းဖြင့် မိသားစုတစ်ပိုင်တစ်နိုင် အသက်မွေးဝမ်းကျောင်း ပြုလုပ်လျက်ရှိကြောင်းသိရပါသည်။

မလိုင်မုန့်ပြုလုပ်ရာတွင် အဓိကကုန်ကြမ်းဖြစ်သည့် နွားနို့ကို နွားမွေးမြူရေးခြံများရှိသည့် ရွှေဘိုမြို့နယ်နှင့် ဝက်လက်မြို့နယ်တို့မှ နွားနို့တစ်ပိဿာကို ၁၀၀၀ ကျပ်နှင့် ဝယ်ယူကာ ၊ သကြားကို မန္တလေးမြို့မှ ဝယ်ယူရကြောင်းနှင့်မလိုင်မုန့် ပြုလုပ်မည်ဆိုလျှင် နွားနို့ကို ကန်အတွင်းထည့်ကာ မလိုင်ကြသည်ထိကျိုပြီးနောက်၊ ဒယ်အတွင်း သကြားနှင့်ပြန်ချက်ပြီး အအေးခံကာ ၊အတုံးလေးများဖြစ်အောင်လှီးပြီး ဗူးအတွင်းထည့်ရသည်။ မလိုင်မုန့် ၁၀ ကျပ်သား ဘူးတစ်ဘူးကို ၇၅၀ ကျပ် နှင့် ရောင်းချရသလို ၊ ၂၀ ကျပ်သား ဘူးတစ်ဘူးကိုလည်း ၁၅၀၀ ကျပ်နှင့်ရောင်းချရကြောင်း မလိုင်မုန့်လုပ်ငန်းလုပ်ကိုင်သူ ဦးဗထူး၏ပြောကြားချက်အရသိရသည်။ အဆိုပါမိသားစုမှာ မလိုင်မုန့်လုပ်ငန်း လုပ်ကိုင်လာသည်မှာ နှစ် (၃၀) ခန့်ကြာပြီဖြစ်ကြောင်းလည်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/photos/pcb.3100797450013121/3100797103346489

## မိုက်ခရိုဆော့ဖ်နှင့် ပုခုံးယှဉ်နိုင်အောင် ဂူဂဲလ်က Gmail တွင် ပို၍အလုပ်ဖြစ်သော tool များကို ထည့်သွင်းမည်




Alphabet Inc လုပ်ငန်းစုကုမ္ပဏီကြီး ဂူဂဲလ်က ၎င်း၏ Gmail သုံးစွဲသူများအနေဖြင့် စာဖိုင်များ document နှင့် အခြားဖိုင်များကို email ဝန်ဆောင်မှုမှ မထွက်ဘဲ ပြင်ဆင်တည်းဖြတ်နိုင်တော့မည် ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့တွင်ပြောသည်။

ယခုကဲ့သို့ လုပ်ဆောင်လာခြင်းမှာ ၎င်း၏ tool များကိုပို၍ ကျယ်ပြန့်စွာ အသုံးချနိုင်ခြင်းဖြင့် ပြိုင်ဖက်များ၏ ဝန်ဆောင်မှုများ သုံးစွဲနေသူများကို ဆွဲဆောင်ရန် ရည်ရွယ်လျက် လုပ်ဆောင်လာခြင်းပဲဖြစ်သည်။ ဂူဂဲလ် cloud unit ၏ နှစ်ပတ်လည် ဖောက်သည်များနှင့် မိတ်ဖက်များစုံညီပွဲတွင် ယခုရှေ့ဆက်မည့် ခြေလှမ်းကို ကြေညာလာခြင်း ဖြစ်သည်။

အဆိုပါ စုံညီပွဲမှာလည်း ကိုရိုနာဗိုင်းရပ်စ်ကပ်ဘေးကြောင့် သီတင်းပတ်များစွာအကြာတွင် အွန်လိုင်းမှတွေ့ဆုံခဲ့ပြီး ကျင်းပခဲ့ရသည့် စုံညီပွဲပဲဖြစ်သည်။ ဂူဂဲလ်အနေဖြင့် email နှင့် စာဖိုင်တည်းဖြတ်သည့် tool များ ဈေးကွက်တွင် ကြီးစိုးထားသော မိုက်ခရိုဆော့ဖ် ကုမ္ပဏီကို အမီလိုက်နိုင်ရေး ဆယ်စုနှစ်တစ်ခု ကြိုးပမ်းလျက်ရှိခြင်းပဲဖြစ်သည်။ ယင်းကုမ္ပဏီကြီး နှစ်ရပ်စလုံးသည် ကပ်ဘေးအတွင်း အိမ်မှလုပ်ငန်းလည်ပတ်နေကြသောကုမ္ပဏီများမှ စီးပွားရေးလုပ်ငန်းသစ်များကို ဆွဲဆောင်နိုင်ရန် ဗီဒီယို ခေါ်ဆိုသည့် features နှင့် အခြား ဆက်စပ် tool များကို ထပ်မံဖြည့်သွင်း ဝန်ဆောင်မှုပေးနေသည်။ သုံးစွဲသူ အလုပ်သမားများသည် စာသားဖြင့် အချင်းချင်းကြား text chats နိုင်ခြင်း၊ ဗီဒီယိုခေါ်ဆိုနိုင်ခြင်းနှင့် ယခု စာဖိုင်များကို တည်းဖြတ်နိုင်ခြင်းများကို Gmail တစ်ခုတည်းမှာပင် လုပ်ဆောင်နိုင်ရန် တွန်းတင်ခြင်းဖြင့် သုံးစွဲသူများ များပြားလာစေရမည်ဟု အခိုင်အမာဆိုခဲ့သည်။

**Source:** http://www.mizzimaburmese.com/article/71571

## မြိတိန်-နယူးဇီလန် ကုန်သွယ်ရေးသဘောတူညီချက်သည် စီးပွားရေးပြန်လည်ထူထောင်မှုအတွက် အရေးပါကြောင်း ဗြိတိန်၏ Trade Secretary ပြောကြား

ဗြိတိန်နိုင်ငံအနေဖြင့် နယူးဇီလန်နိုင်ငံနှင့် ကုန်သွယ်ရေးသဘောတူညီချက်ဆိုင်ရာ တရားဝင် ဆွေးနွေးမှုများ စတင်ခဲ့သဖြင့် နယူးဇီလန်နိုင်ငံနှင့် ကုန်သွယ်ရေးသဘောတူညီချက်သည် ကိုရိုနာ ဗိုင်းရပ်စ်ကြောင့် ကျဆင်းခဲ့သည့် ဗြိတိန်၏စီးပွားရေးပြန်လည်ထူထောင်မှုကိုကူညီနိုင်ရေး အရေးပါ သည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု ဗြိတိန်၏ Trade Secretary ဖြစ်သူ Liz Truss က ပြောကြား ခဲ့သည်။ ယင်းကုန်သွယ်ရေးသဘောတူညီချက်သည် အာရှပစိဖိတ်နိုင်ငံများအုပ်စုနှင့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်တွင် ပါဝင်နိုင်ရေးအတွက် ဗြိတိန်၏ ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ၎င်းကထပ်မံပြောကြားသည်။ ဗြိတိန်နိုင်ငံသည် လာမည့် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အီးယူ၏ အကောက်ခွန်သမဂ္ဂမှ ထွက်ခွာမည်ဖြစ်ပြီး၊ အီးယူပြင်ပနိုင်ငံများနှင့် ကုန်သွယ်ရေးသဘောတူညီ ချက်များအား လွတ်လပ်စွာ ဆောင်ရွက်ခွင့် ရှိမည်ဖြစ်သည်။ လက်ရှိတွင် ဗြိတိန်သည် အမေရိကန်နှင့် ဂျပန်နိုင်ငံတို့အပါအဝင် ကမ္ဘာတစ်ဝန်းရှိနိုင်ငံများနှင့် ကုန်သွယ်မှု သဘောတူညီချက်များ ရရှိရေး ဆောင်ရွက်နေပြီး၊ အီးယူနှင့်လည်း ကုန်သွယ်ရေးသဘောတူညီချက်ကို ညှိနှိုင်းဆွေးနွေးလျက် ရှိသည်။

ကနေဒါ၊ ဩစတြေးလျ၊ ဂျပန်၊ ဗီယက်နမ်နှင့် နယူးဇီလန်နိုင်ငံများအပါအဝင် နိုင်ငံ (၁၁) နိုင်ငံ ပါဝင်မည့် Comprehensive and Progressive Agreement for Trans-Pacific Partnership (CPTPP) လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်တွင် ပါဝင်လိုကြောင်း ဗြိတိန်နိုင်ငံအစိုးရ အနေဖြင့် ပြီးခဲ့သည့်ဖွန်လအတွင်းက ကြေညာခဲ့သည်။ ဩစတြေးလျ၊ ဂျပန်စသည့် နိုင်ငံများနှင့် ညှိနှိုင်းဆွေးနွေးမှုများနှင့်အတူ ယခုနယူးဇီလန်နိုင်ငံနှင့် ဆွေးနွေးသည့် သဘောတူညီချက်သည် ကမ္ဘာ့စီးပွားရေး အင်အားကောင်းမွန်သည့် နိုင်ငံများပါဝင်ပြီး စည်းမျဉ်းအခြေခံ၍ စံနှုန်းမြင့်မားသော CPTPP တွင် အဖွဲ့ဝင်အဖြစ်ပါဝင်နိုင်ရေး ခြေလှမ်းတစ်ရပ်ဖြစ်သည်ဟု Liz Truss က ပြောကြားသည်။ ဗြိတိန်နှင့် နယူးဇီလန်တို့အကြား ကုန်သွယ်ရေးသဘောတူညီချက်သည် ဗြိတိန်၏ အသေးစား စီးပွားရေးလုပ်ငန်းများ၏ ပို့ကုန်တင်ပို့မှုကို စတာလင်ပေါင် သန်း(၁၀၀) အထိ မြှင့်တင်ပေးနိုင်ပြီး၊ လုပ်သားများ၏ လုပ်ခလစာ စတာလင်ပေါင် သန်း (၂၀၀) အထိ ရရှိစေနိုင်သဖြင့် ကိုရိုနာဗိုင်းရပ်စ် ကြောင့်ရင်ဆိုင်ရသည့် စီးပွားရေးစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေး ဗြိတိန်နိုင်ငံအား အကူအညီ ပေးနိုင်မှုတွင် အရေးပါကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

**Source:** Politico

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## အိန္ဒိယနိုင်ငံ၌ ယခုနှစ်မိုးသီးနှံ ပဲမျိုးစုံအား ယခင်နှစ်ထက် ၁၆၂% ကျော် ပိုမိုစိုက်ပျိုးပြီးစီးခြင်း

အိန္ဒိယနိုင်ငံ၊ မိုးလေဝသဌာနမှ ဇူလိုင်လဒုတိယပတ်အတွက် မိုးလေဝသအခြေအနေ ခန့် မှန်းချက်နှင့်အတူ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း သီးနှံစိုက်ပျိုးပြီးစီးမှု အခြေအနေကို ထုတ်ပြန် ခဲ့ရာတွင် ၁၀-၇-၂၀၂၀ နေ့အထိ အိန္ဒိယနိုင်ငံတစ်ဝန်း၌ မိုးသီးနှံ စုစုပေါင်း စိုက်ပျိုးပြီးစီးမှုမှာ ဧရိယာဟက်တာ ၅၈၀ သိန်းကျော်ရှိပြီး ယခင်နှစ်အလားတူကာလထက် ၄၄% ပိုမို စိုက်ပျိုးပြီး ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် အိန္ဒိယ စိုက်ပျိုးရေး၊ သမဝါယမနှင့် တောင်သူလယ် သမားများ ဖူလုံရေး ဦးစီးဌာနရှိ ကောက်ပဲသီးနှံနှင့် ရာသီဥတုစောင့်ကြည့်လေ့လာရေးအဖွဲ့ (Crop Weather Watch Group) ၏ စာရင်းများအရ ယခုနှစ် မိုးရာသီ၌ ၁၀-၇-၂၀၂၀ နေ့အထိ စပါးစိုက်ဧရိယာ ဟက်တာ ၁၂၁ သိန်းခန့် စိုက်ပျိုးထားပြီးဖြစ်ရာ ယခင်နှစ်ကာလတူထက် ၂၆% ပိုမိုလျက်ရှိကြောင်း၊ အခြားနှံစားသီးနှံများမှာ ၂၉.၆% ခန့်ပိုမိုပြီး ဟက်တာ ၉၃ သိန်းကျော် စိုက် ပျိုးပြီးဖြစ်ကြောင်း၊ မိုးသီးနှံ ပဲမျိုးစုံအား ယခင်နှစ်ကာလတူထက် ၁၆၂% ကျော် ပိုမိုလျက် ဧရိယာ ဟက်တာပေါင်း ၆၄ သိန်းကျော် စိုက်ပျိုးထားနိုင်ကြောင်း၊ အလားတူ ဆီထွက်သီးနှံများကိုလည်း ၈၅% ပိုမို၍ ဟက်တာ ၁၃၉ သိန်းအထိ စိုက်ပျိုးပြီးစီးခဲ့ကြောင်း၊ မုတ်သုံရာသီကာလ မိုးရွာသွန်းမှု ကောင်းစွာရရှိခြင်းက ထိုကဲ့သို့ သီးနှံများအား ယခင်နှစ် ကာလတူထက် ပိုမိုဆောလျင်စွာ စိုက်ပျိုး နိုင်ခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

မိုးသီးနှံ ပဲမျိုးစုံ စိုက်ပျိုးမှုအနက် အဓိကပါဝင်သည့် ပဲစင်းငုံအား ဧရိယာဟက်တာ ၂၆.၁၈ သိန်း စိုက်ပျိုးထားပြီးဖြစ်ရာ ယခင်နှစ်ကာလတူ၌ စိုက်ပျိုးနိုင်ခဲ့သော ဟက်တာ ၈.၇၅ သိန်း အပေါ်တွင် ၁၉၉% အထိ ပိုမိုစိုက်ပျိုးပြီးစီးကြောင်း တွေ့ရှိရပါသည်။ ထို့အတူ ယခုနှစ် မိုးရာသီ မတ်ပဲစိုက်ပျိုးပြီးစီးမှုဧရိယာမှာလည်း ဟက်တာ ၁၉.၇၉ သိန်းဖြစ်ရာ ယခင်နှစ် အလားတူကာလ စိုက်ပျိုးနိုင်မှုဟက်တာ ၇.၀၉ သိန်းအပေါ် ၁၇၉% ပိုမိုစိုက်ပြီးကြောင်းတွေ့ရှိရသည်။ မိုးပဲတီစိမ်း စိုက်ပျိုးမှုမှာ ဟက်တာ ၁၅.၁၆ သိန်းရှိရာ ယခင်နှစ်ကာလတူထက် ၁၄၇% ခန့် ပိုမို စိုက်ပျိုးပြီးဖြစ်သည်။

အိန္ဒိယနိုင်ငံရှိ သီးနှံစိုက်ဧရိယာ စုစုပေါင်း၏ တစ်ဝက်နီးပါးခန့်သည် ဆည်ရေရရှိခြင်းမရှိပဲ မိုးရေရရှိနိုင်မှုအပေါ် အမှီပြုလျက်ရှိရာ မိုးရွာသွန်းမှု အခြေအနေအရ နှစ်စဉ် ဇူလိုင်လကုန်ပိုင်း ခန့်အထိ စိုက်ပျိုးမှုကြာမြင့်လေ့ရှိသည်။ အိန္ဒိယမိုးလေဝသဌာန၏ဖော်ပြချက်အရ ယခုနှစ် ဇွန်လ ၁ ရက်နေ့မှ စတင်၍ ဇူလိုင်လ ၈ ရက်နေ့အထိ မိုးဦးကောင်းမွန်မှုရှိပြီး ပျမ်းမျှမိုးရေချိန် ၂၃၄.၅ မီလီမီတာထက် ၁၃% ပိုမိုလျက် ၂၆၅.၃ မီလီမီတာ ရရှိခဲ့ကြောင်း သိရှိရသည်။ အိန္ဒိယစိုက်ပျိုးရေး ဝန်ကြီးဌာနက အထက်ဖော်ပြပါ မိုးသီးနှံ စိုက်ပျိုးပြီးစီးမှုစာရင်းများမှာ ကနဦးပြုစုရရှိမှုဖြစ်ပြီး ပိုမိုတိကျသည့် စာရင်းရရှိမှု အပေါ်မူတည်၍ ပြောင်းလဲနိုင်ကြောင်း ဖော်ပြထားပါသည်။

Source: 1. After vigorous monsoon rains, crop planting gathers pace in India, 11 Jul 2020, Hindustan Times

2. Kharif Acreage Extends Further, Sharp Spurt In Area Under Pulses, 13 Jul 2020, Business Standard

3. All India weather summary and forecast bulletin, 10 Jul 2020, India Meterological Department

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## ဟောင်ကောင်ဒေသ ဆိုးရွားစွာထိခိုက်နစ်နာလျှင်တရုတ်နှင့်အမေရိကန်နိုင်ငံတို့လည်း ဆုံးရှုံးနိုင်ခြင်း

တရုတ်နှင့်အမေရိကန်နိုင်ငံတို့အကြား တင်းမာမှုများကြောင့်ဖြစ်ပေါ်လာသည့် အခက်အခဲများအတွက် ပေးဆပ်ရမှုများမှာလည်း ရှောင်လွှဲ၍မရကြောင်း၊ ဟောင်ကောင်ဒေသမှာ တရုတ်နှင့်အမေရိကန်တို့အကြား တင်းမာမှုများ၏ အလယ်တွင်ရှိနေပြီး အမျိုးသားလုံခြုံရေးဥပဒေကြောင့်လည်း အမေရိကန်မှဟောင်ကောင်ကို ပေးအပ်ထားသည့် အထူးအခွင့်အရေးများဖြစ်သည့် အထူးကုန်သွယ်ခွင့်များနှင့် ဘဏ်လုပ်ငန်းများကို ပေးအပ်ထားသည့် အခွင့်အရေးများ ကို ရုပ်သိမ်းခြင်း၊ အစိုးရအရာရှိများကို ကန့်သတ်တားမြစ်မှုများပါရှိမည့် ညွှန်ကြားချက် (Executive Order)ကို အမေရိကန်သမ္မတက လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ဟောင်ကောင်ဒေသ မှာ နှစ်နိုင်ငံလုံးအတွက် အရေးကြီးသည့်ကဏ္ဍ၌ ပါဝင်လျက်ရှိရာ ဟောင်ကောင်ဒေသ ထိခိုက်နစ်နာလျှင် နှစ်နိုင်ငံလုံးအတွက်လည်း ဆုံးရှုံးမှုဖြစ်နိုင်ကြောင်း၊ အမေရိကန်မှ ဟောင်ကောင် ဒေသကို ပေးအပ်ထားသည့် စီးပွားရေး၊ နိုင်ငံရေးနှင့် လုံခြုံရေး အထူးအခွင့်အရေးများကို ရုတ်သိမ်းခဲ့ရာ ဟောင်ကောင်ဒေသအတွက် လိုအပ်သည့် နည်းပညာများ တင်ပို့မှုကန့်သတ်ခြင်း၊ ဟောင်ကောင်လူမျိုးများ အမေရိကန်ဗီဇာရရှိရန် ပိုမိုခက်ခဲနိုင်ခြင်း၊ ဟောင်ကောင်ရဲများကို သင်တန်းပို့ချမှုများ ဖျက်သိမ်းခြင်းနှင့် တရားခံလွှဲပြောင်းပေးရေး သဘောတူစာချုပ်အား ဖျက်သိမ်းခြင်း အစရှိသည်တို့ ရုပ်သိမ်းလိုက်ကြောင်း၊ Executive Order သည် ဟောင်ကောင်ဒေသအား တရုတ်ပြည်မကြီးကဲ့သို့ တန်းတူထား ဆက်ဆံသွားမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ၏ စတော့ရှယ်ယာဈေးကွက်ပေါ် သက်ရောက်မှုများဖြစ်နိုင်ကြောင်း၊ ဟောင်ကောင်ဒေသရှိ ဘဏ်လုပ်ငန်းများမှာ ခက်ခဲသည့်အနေအထားတွင်ရှိနေပြီး ဒေသ၌ဆက်လက်လုပ်ကိုင်ခြင်းနှင့် အခြား ဒေသများသို့ ပြောင်းရွှေ့ခြင်းဖြင့် ရရှိနိုင်မည့်အကျိုးအမြတ်ကိုလည်း အကဲဖြတ်ဆန်းစစ်လျက်ရှိကြောင်း၊ သို့သော် ဟောင်ကောင်ဒေသသည် အခွန်ကောက်ခံနှုန်းနည်းပါးခြင်းနှင့် တရုတ်ပြည်မကြီးနှင့်ကပ်လျက်ရှိသောကြောင့် ပို့ဆောင် ဆက်သွယ်ရေးအချက်အချာကျသည့်ဒေသအဖြစ် ဆက်လက်ဆွဲဆောင်မှုရှိနေကြောင်း၊ ဆယ်စုနှစ်များစွာအတွင်း တရုတ်နှင့် အမေရိကန်နိုင်ငံတို့၏ ဆက်ဆံရေးမှာ အဆိုးရွားဆုံးဖြစ်သော်လည်း စီးပွားရေးအရအကျိုးအမြတ်ရရှိမှုမှာ အချင်းချင်းမှီခိုလျက်ရှိသည်မှာ ငြင်းဆိုနိုင်ခြင်းမရှိကြောင်း၊ ၎င်းတို့နှစ်နိုင်ငံအကြား စီးပွားရေးချိတ်ဆက်မှုမှာ မြင့်မားလျက်ရှိပြီး ဟောင်ကောင်ဒေသမှာလည်း နှစ်နိုင်ငံအတွက် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်ရန် အရေးကြီးသည့်နေရာအဖြစ် ဆက်လက်တည်ရှိဆဲဖြစ်ကြောင်း၊

အမေရိကန်ဒေါ်လာလဲလှယ်မှုကို ဟောင်ကောင်နှင့်လွတ်လပ်စွာဆက်လက်လုပ်ကိုင်ရန် ထရန့်ကလည်းနားလည်ကြောင်း၊ ဟောင်ကောင်သည် အာရှဒေသ၏ အချက်အချာကျသည့်မြို့ဖြစ်ရာ တရုတ်နှင့်အမေရိကန်တို့သည်လည်း ၎င်းတို့၏ အကျိုးအမြတ်များထိခိုက်နိုင်သောကြောင့် ဆက်လက်ဆောင်ရွက်ရန်ရှိသည်များကို သေချာစဉ်းစားလုပ်ကိုင်သင့်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ "Both US and China to lose if Hong Kong is badly damaged" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

## STOCK EXCHANGE (17.7.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 17th Jul. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,000 | 10,500 | 10,000 | 603 | 6,310,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,850 | +50 | +1.32% | 3,850 | 3,850 | 3,800 | 1,291 | 4,967,350 | 38,929,150 | 149,877 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 1 | 8,100 | 10,400,986 | 84,248 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 0 | 0 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 0 | 0 | 12,823,224 | 35,264 |
| EFR | 00006 | 2,750 | +50 | +1.85% | 2,650 | 2,750 | 2,650 | 1,198 | 3,278,850 | 19,977,223 | 54,937 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 445.84 | +1.98 | +0.45% | 435.39 | 445.84 | 435.39 | 3,093 | 14,564,800 | 6 | 663,395 |

**Index chart**



# Market Overview

As of 1:00 pm, 17th Jul. 2020

| MYANPIX | 445.84 ▲ 1.98 |
|---|---|
| Total Volume (shares) | 3,093 |
| Total Value (MMK) | 15 mil |
| Listed Company | 6 |
| Market Cap. (MMK) | 663,395 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,850 | ▲ 50 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 2,750 | ▲ 50 |

TIR